ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)


## တမံကြီးကုန်းကျေးရွာ၊ တမံကြီးကုန်းကျေးရွာအုပ်စု

၂၀၁၈ ခုနှစ် ကျောက်တန်းမြို့

မာတိကာ

၁။ကျောက်တန်းမြို့နယ်မြေပုံ...................................................................................................... ၂
၂။တမံကြီးကုန်းကျေးရွာအုပ်စုမြေပုံ ................................................................................................. ၃
၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း...................................................... ၄
၄။ကျေးရွာအခြေခံအချက်အလက်များ................................................................................................. ၅
၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ် .................. ၆
၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ .. ၇
၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ .....................၂၃
၈။ ကျေးရွာကော်မတီဝင်များစာရင်း...........................................................................................၂၆
၉။ပုံစံ-၁။ကျေးရွာအခြေခံအချက်အလက်များ...................................................................................၂၇
၁၀။ပုံစံ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ..................................................................................၃၀
၁၁။အစည်းအဝေးမှတ်တမ်းများ.......................................................................................................၃၄
၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP).............................................၃၈

# ၁။ ကျောက်တန်းမြို့နယ် မြေပုံ


ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
ကျောက်တန်းမြို့
မုတ္တမပင်လယ်ကွေ့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

၂။ တမံကြီးကုန်းကျေးရွာအုပ်စုမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၁။တမံကြီးကုန်း ကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ ကျေးရွာသမိုင်းအကျဉ်း

တမံကြီးကုန်းကျေးရွာသည်လွန်ခဲ့သော နှစ်ပေါင်း (၂၀၀) ကျော်လောက်ကရွှေ့ပြောင်းလယ်သမားများမှနုန်းတင်မြေနုမြေများတွင်လယ်ယာမြေတိုးချဲ့ရန်ရောက်ရှိလာပြီးပင်လယ်ဒီရေမတက်စေရန်တမံတုတ်ထားသည်ကိုအစွဲပြုရာတမံကြီးဟုခေါ်တွင်ရာမှနောက်ပိုင်းတွင်တမံကြီးကုန်းဟုခေါ်ဆိုလာပါသည်။တမံကြီးကုန်းကျေးရွာတွင် ဗမာလူမျိုး နှင့် ဟိန္ဒူလူမျိုး အနည်းငယ် နေထိုင်ပါသည်။တမံကြီးကုန်းကျေးရွာအပိုင်ထဲတွင် ၅မိုင်၃ဖာလုံဝေးသော ရွှေသဘော်ကြီးရွာ အိမ်ခြေ ၈၀ခန့်၊ ၂မိုင်ခန့်ဝေးသော တိုးတတ်ရေးကွင်းတွင် အိမ်ခြေ ၅၀ခန့်နှင့်ကမဲ့ကြီး၊ကမဲ့လေးရွာတွင်အိမ်ခြေ၅၀ခန့်ရှိသောရွာငယ်လေးများပါဝင်ပါသည်။တမံကြီးကုန်းကျေးရွာသည် ကျောက်တန်းမြို့ မှ (၂၁) မိုင် ကွာဝေးပါသည်။တမံကြီးကုန်းကျေးရွာ မှ ကျောက်တန်းမြို့သို့ မိုးရာသီတွင် သဘော်ဖြင့် သွားလာရပြီ နွေရာသီတွင် ဆိုင်ကယ်ဖြင့် သွားလာရပါသည်။တမံကြီးကုန်းကျေးရွာတွင် လူဦးရေ (၂၆၃၇)၊ အိမ်ထောင်စု (၇၂၉)စု၊ အမျိုးသား (၁၃၁၂)ဦး၊ အမျိုးသမီး (၁၃၂၅)ဦး ရှိပါသည်။တမံကြီးကုန်းကျေးရွာ၏ကျေးရွာသူ/သားများသည်စိုက်ပျိုးရေးလုပ်ငန်းနှင့်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ြကပါသည်။အဓိကဝင်ငွေရရှိသောလုပ်ငန်းများမှာစပါးစိုက်ပျိုးခြင်း၊ပဲစိုက်ပျိုးခြင်းနွား၊ဆိတ်၊ဝက်၊ကြက်၊ဘဲတို့ကိုတစ်ပိုင်တစ်နိုင်မွေးမြူကြပါသည်။တမံကြီးကုန်းကျေးရွာတွင်ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၊စာသင်ကျောင်းတစ်ကျောင်း နှင့်ဆေးပေးခန်းတစ်ခု ရှိပါသည်။ကျေးရွာတွင် သောက်သုံးရေအတွက် မြေသားရေကန် (၈) ကန်ရှိပါသည်။တမံကြီးကုန်းကျေးရွာတွင်လျှပ်စစ်မီးမရရှိသေးပါ။တမံကြီးကုန်းကျေးရွာတွင်ပြေလည်သောအိမ်ထောင်စု (၈၆)စု၊အလယ်အလတ် (၂၇၆)စု၊နွမ်းပါးသောအိမ်ထောင်စု (၃၆၃)စု ရှိပါသည်။

## ၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဟိန္ဒူ | ၁ | ၁ | ၅ | ၆ |

## ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၄၂ | ၄၀ | ၄၇ | ၈၇ |
| မြေယာမဲ့ | ၃၆၃ | ၂၅၀ | ၅၆ | ၁၀၈၉ |
| မသန်စွမ်း | ၆ | ၂ | ၄ | ၆ |

## ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | ဆန်စက် | နိုင်ငံခြားသွား |
| ပဲတီစိမ်း | ဝက် | ချွေလှေ့စက် | ဆိုင်ကယ်ဂပ်ရှော့ |
| | ဆိတ် | ဈေးဆိုင် | စက်ပြင် |
| | ဘဲ | စပါးအရောင်းအဝယ် | |
| | နွား | ပဲ အရောင်းအဝယ် | |

## ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဥယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၈၅၆၉ | ၆၀ | - | မရှိ | -/၈ | ၁ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | လယ်ယာသုံးစက် | ဈေးဆိုင် |
| အရေအတွက် | - | ၈ | ၂ | -/၃ | ၃၈၂ | ၃ |


## ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၁၈ | - | ၄၆၃ | ၈ | ၁၈၅ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက်၊ဆိတ် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၁၈၊ ၄၂ | ၃၁၇ | ၈ | ၁၇၅ | ၂၉ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၁၄-၁၁-၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၇ | ၅ | ၁၂ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေလယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၁၄-၁၁-၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၂၄ | ၂၅ | ၄၉ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ဥစ္စာနေကြွယ်ဝမှု အဆင့် သတ်မှတ်ချက် | ၁၄-၁၁-၂၀၁၄ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါး အုပ်စုများ | ၂၄ | ၂၅ | ၄၉ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံသုံးသပ်ချက် | ၁၄-၁၁-၂၀၁၄ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၂၄ | ၂၅ | ၄၉ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ် သုံးသပ်ချက် | ၁၄-၁၁-၂၀၁၄ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၂၄ | ၂၅ | ၄၉ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၆ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၁၄-၁၁-၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၂၄ | ၂၅ | ၄၉ | ကျေးရွာတွင်းရှိ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအားသိရှိခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### ၁။ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်။



## သုံးသပ်ချက်

တမံကြီးကုန်းကျေးရွာအုပ်စု၊ တမံကြီးကုန်းကျေးရွာသည် ကျောက်တန်းမြို့၏ အရှေ့ဘက်တွင် တည်ရှိပြီး အိမ်ထောင်စု ၇၂၉ စုဖြင့်တည်ရှိနေသော ရွာတစ်ရွာဖြစ်ပါသည်။ကျေးရွာ၏ အဓိကလုပ်ကိုင်သော လုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးနှင့်တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ကြပါသည်။ကျေးရွာ၏ကျန်းမာရေးအခက်အခဲများတွင်ကျေးရွာကျန်းမာရေးဌာနခွဲတွင်ဆေးကုသခံယူ၍အရေးပေါ် ကျန်းမာရေးအခက်အခဲများတွင်ကျောက်တန်းနှင့်သန်လျင်သို့သွားရောက်ပြီ မိုးရာသီတွင်သွားလာရခက်ခဲပါသည်။ ကျေးရွာ၏ လူမှုရေးကိစ္စများတွင် စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းကူညီလုပ်ကိုင်ဆောင်ရွက်ပေးကြပြီး ကျေးရွာသူရွာသားများအားလုံး ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပါသည်။

ကျေးရွာရွာ၏အနောက်ဘက်တွင် မုတ္တမပင်လယ်ကွေ. အရှေ့ဘက်တွင် တူးမြောင်းရွာ၊ တောင်ဘက်တွင်စစ်တန်းမြောက်ဘက်တွင်အောင်ချမ်းသာရွာနှင့်နယ်နမိတ်ခြင်းထိစပ်နေပါသည်။ကျေးရွာအတွင်း ရွာလယ်ပိုင်းတွင်စာကြည့်တိုက်၊အုပ်ချုပ်ရေးမှူးရုံး၊ကျန်းမာရေးဌာနခွဲတို့ရှိပြီးဘုန်းတော်ကြီးကျောင်း(၁)ကျောင်းနှင့်ဘုရားပုထိုးစေတီများရှိကာအရှေ့ပိုင်းနှင့်အနောက်ပိုင်းအားချောင်းခြားထားပြီးရွာလယ်ပိုင်းတွင်တံတားဖြင့်ဆက်သွယ်ထားပါသည်။ကျေးရွာ၏လိုအပ်ချက်များမှာရွာထဲလမ်းကောင်းမွန်စေရေး၊လျှပ်စစ်မီးရရှိရေး၊သောက်သုံးရေလုံလောက်ရေး၊စက်ရေတွင်းတူးဖော်ရေး၊ရွာလယ်တံတားပြုပြင်ရေး၊စာသင်ကျောင်းခြံစည်းရိုးနှင့်စာသင်ကျောင်းအခန်းတိုးချဲ့ရေး၊ကျေးလက်ဆေးပေးခန်းနှင့်သားဖွားဆောင်ဆောက်လုပ်ရန်၊မိုးရေလှောင်ကန်တည်ဆောက်ရန်၊သာက်သုံးရေကန်အားခြံစည်းရိုးခပ်ရန်နှင့်စိုက်ပျိုးရေးနည်းပညာများရရှိရေး တို့သည်ကျေးရွာအတွင်း လိုအပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဖြစ်ပါသည်။

## ၂။ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်။

### ဥစ္စာဓန ကြွယ်ဝမှု အဆင့် သတ်မှတ်ချက်

တမံကြီးကုန်းကျေးရွာအုပ်စု

တမံကြီးကုန်းကျေးရွာ

၁၅.၁၁.၂၀၁၇


| သတ်မှတ်ချက် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | လယ်မြေ ၊ ထွန်စက် ၊ ဒွန်ဒေါင်းစပါးရိတ်စက် ၊ မြေ ၊ စက်မြေ စပါးခြွေစက် ၊ ဆန်စက် ၊ တိုက်အိမ် ၊ သွပ်မိုးပျဉ်ထောင်အိမ် | ၉၁ | ၁၃ % |
| အလယ်အလတ် | သွပ်မိုးထရံကာ ၊ ကုန်ခြောက်ဆိုင် ၊ အထည်ဆိုင် ၊ ကွမ်းစိမ်းဆိုင် ၊ အခွေငှားဆိုင် ။ လယ် | ၂၇၆ | ၃၈ % |
| နွမ်းပါး | နေအိမ်ဝါးအိမ် ၊ နေ့စားအလုပ်သမား ၊ အလုပ်အကိုင်မှန်မည်ပါ ။ | ၃၆၃ | ၄၉ % |

## သုံးသပ်ချက်

တမံကြီးကုန်းကျေးရွာတွင် ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါးဟူ၍ လူမှုအဆင့် (၃)ဆင့်ရှိပါသည်။ ချမ်းသာသော အဆင့်မှာ တိုက်အိမ်၊ လယ်-၃၀ ကေအထက်၊ ကား၊ ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်၊ထွန်စက်၊စက်လှေ၊ ဆိုင်ကယ်၊ ပဲခြွေလှေစက်နှင့် စိုက်ပျိုးရေးလုပ်ငန်းများအား လုပ်ကိုင်ဆောင်ရွက်ကြပြီး အိမ်ထောင်စုမှာ (၉၁)စုနှင့် ရာခိုင်နှုန်းမှာ(၁၃%)ရှိပြီး တိုက်၊သွပ်မိုးပျဉ်ကာအိမ်များဖြစ်ကြပြီး၊အလယ်အလတ်ရှိသောအဆင့်တွင် ပျဉ်ထောင်၊ထရံကာအိမ်၊ လယ်-၅ဧက၊လက်တွန်းထွန်စက်၊ဆိုင်ကယ်၊စက်ဘီးများပိုင်ဆိုင်ပြီး၊စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဈေးရောင်းသည့်လုပ်ငန်းလုပ်ကိုင်ကြကာ အိမ်ထောင်စုမှာ (၂၇၆) စုနှင့် ရာခိုင်နှုန်းမှာ (၃၈%) ရှိပြီး နွမ်းပါးသောအဆင့်မှာ ဓနိမိုးအိမ်များပိုင်ကြပြီး၊စက်ဘီး၊ ဆိုင်ကယ်၊လှေ၊တို့ကိုပိုင်ဆိုင်ကာ အိမ်ထောင်စုမှာ (၃၆၃)စု ရာခိုင်နှုန်းမှာ (၄၉%) ရှိသည်ဟု ကျေးရွာသူရွာသားများမှ သတ်မှတ်ခဲ့ကြပါသည်။

ကျေးရွာအတွင်း နွမ်းပါးရခြင်းမှာ လယ်ယာမြေပိုင်ဆိုင်မှုမရှိခြင်း၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းမရှိဘဲ နေ့စားကျပန်းလုပ်ငန်းများလုပ်ကိုင်ရခြင်း ၊ ပညာအရည်အချင်းနည်းပါးရခြင်း ၊မိသားစုဝင်များခြင်း၊ အရင်းအနှီးမရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

၃။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်။



## သုံးသပ်ချက်

**ရာသီဥတု** တန်ခူး၊ ကဆုန်၊ တပို့တွဲ၊ တပေါင်းလများတွင် နွေရာသီဥတုဖြစ်ကာ ပူပြင်းပြီး၊နယုန်၊ဂါဆို၊ ဂါခေါင်လများတွင်မိုးရွာသွန်း၍တော်သလင်း၊သီတင်းကျွတ်၊တန်ဆောင်မုန်း၊နတ်တော်၊ပြာသို လများတွင် အေးချမ်း၍ ရာသီဥတုသာယာပါသည်။

**ပွဲတော်များ** တန်းခူးလမှာသင်္ကြန်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ၊ ဝါဆိုလတွင်ဝါဆိုပွဲ သီတင်းကျွတ်လတွင် မီးထွန်းပွဲ၊ တန်ဆောင်မုန်းလတွင် ကထိန်ပွဲတော် တပို့တွဲလတွင် ဘုရားပွဲတော်များကျင်းပကြပါသည်။


**စိုက်ပျိုးရေး** နယုန်လများတွင် စပါးကို စတင်စိုက်ပျိုးရန်လယ်ယာမြေလုပ်ငန်းခွင် ဂင်ရပါသည်။ တန်ဆောင်မုန်း၊နတ်တော်လများတွင်စပါးရိတ်သိမ်းကြကာဂင်ငွေရပြီပဲတီစိမ်းစိုက်ပျိုးရန်အတွက် ဓါတ်မြေသြဇာများဂယ်ယူရပါသည်။ စပါးရိတ်သိမ်းပြီးချိန်တွင် ပဲတီစိမ်းများကို သီးထပ်စိုက်ပျိုးကြ၍အပိုဂင်ငွေရပါသည်။

**မွေးမြူရေး** မိသားစုတပိုင်တနိုင်ဂင်ငွေရရှိရန်အတွက် နွား၊ကြက်၊ဘဲ၊ဘဲငန်း၊ဝက်၊ဆိတ် တို့ကို မွေးမြူကြပါသည်။

**ကျန်မာရေး** ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်သောမိုးအကုန်ဆောင်းအကူးရာသီများတွင် နာစေးခြင်း၊ ချောင်းဆိုးခြင်း၊ဖျားနာခြင်းတို့ဖြစ်ကြပါသည်။

**ဝင်ငွေ** သီတင်းကျွတ်၊တန်ဆောင်မုန်း၊ နတ်တော်၊တပို့တွဲလများတွင် ရာသီသီးနှံပေါ်ချိန်ဖြစ်၍ ဝင်ငွေအသင့်အတင့်ရှိသော်လည်းကျန်လများတွင်နေ့စားလုပ်ငန်းများဖြင့်သာလုပ်ကိုင်ဆောင်ရွက်ရခြင်းကြောင့် မိသားစုဂင်ငွေမှာ နည်းပါးပါသည်။

၄။ ဗင်းပုံစံသုံးသပ်ချက်။




## သုံးသပ်ချက်

ကျေးရွာအတွင်း အဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးမှူးနှင့် ပြည်သူစစ်၊ နာရေးကူညီမှုအဖွဲ့တို့သည် ကျေးရွာအေးချမ်းသာယာရေးနှင့် ပညာရေးမြှင့်မားအောင်အတူတကွ ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်ကြ ပါသည်။ အမျိုးသမီးများ၊မိခင်နှင့်ကလေးများ၏ အခက်အခဲများကိုလည်း အမျိုးသမီးရေးရာ၊ မိခင်ကလေး၊ ကြက်ခြေနီအဖွဲ့များက ဖြေရှင်းပေးပါသည်။ ကျေးရွာလူထုနှင့်ဘုရား အကျိုးဆောင်အဖွဲ့တို့သည်ကျေးရွာဘာသာရေး ၊သာသနာရေးရေရှည် တည်တံ့ရန် ဆောင်ရွက် ကြပါသည်။ သမအသင်းသည်ကျေးရွာလူထုသက်သာချောင်ချိရေးအတွက် ဆောင်ရွက်နေပါသည်။ မြစိမ်းရောင်အဖွဲ့အစည်းများသည် ကျေးရွာ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများအား တိုးချဲ့လုပ်ဆောင်ခြင်း၊ ကျေးရွာ၏ အရင်းမပျောက် လည်ပတ် ရန်ပုံငွေအဖြစ်ထုတ်ချေးထားသည်ကိုတွေ့ရှိရပါသည်။

ကျေးရွာပြင်ပ အဖွဲ့အစည်းများဖြစ်သော ကျေးလက်ရုံးနှင့် လူထုဗဟိုပြုစီမံကိန်းတို့သည် ကျေးရွာ၏လိုအပ်ချက်ဖြစ်သော အခြေခံအဆောက်အအုံများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထွေအုပ်ရုံးသည် ကျေးရွာ၏ လူဦးရေတိုးပွားမှုများအား အတည်ပြုဆောင်ရွက်ပေးပါသည်။ မြို့နယ်ပြည်သူ့စစ်သည် ကျေးရွာလုံခြုံရေးအတွက် ကျေးရွာပြည်သူ့စစ်အား သင်တန်းပေးပါသည်။ မြို့နယ်မီးသတ်ရုံးသည် ကျေးရွာမီးသတ်အား သင်တန်းပေးလျက်ရှိပါသည်။ မြို့နယ်ကြက်ခြေနီ၊ မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာ တို့နှင့်လည်း ချိတ်ဆက်ဆောက်ရွက်နေပါသည်။

၅။ ပင့်ကူသုံးသပ်ချက်။



**သုံးသပ်ချက်**

**ဦးဆောင်နိုင်မှု** ကျေးရွာ၏ဘာသာရေး၊ သာသနာရေး၊လူမှုရေး၊စီးပွါးရေး၊အလုပ်အကိုင်အခွင့်အလမ်း အစရှိသည်တို့တွင် အမျိုးသမီးများ၏ ဦးဆောင်နိုင်မှုမှာ မြန်မာ့ထုံးတမ်းအစဉ်လာအရ အမျိုးသားများကသာ ဦးဆောင်နေသည်ကိုတွေ့ရှိရပါသည်။

**မွေးမြူရေး** မွေးမြူရေးလုပ်ငန်းများတွင် အမျိုးသားများကဦးဆောင်မှုသာလွန်နေတာကို တွေ့ရှိရပါသည်။

**အလုပ်ကိုင်အခွင့်လမ်း** ကျေးရွာအတွင်းအမျိုးသားများနှင့် အမျိုးသမီးများသည် အလုပ်အကိုင် အခွင်အလမ်းမှာခြားနားမှုမှာ အနည်းငယ်သာရှိပါသည်။

**ဂင်ငွေရရှိမှု** စီးပွားရေးတွင် အမျိုးသားများက ဦးဆောင်နေပြီ အိမ်တွင်းစီးပွားရေးတွင် အမျိုးသမီးများက ဦးဆောင်လုပ်ကိုင်နေသည် ကိုတွေ့ရပါသည်။


**သာရေးနာရေးအဖွဲ့အစည်းများတွင်ပါဝင်ခြင်း** အမျိုးသမီးများနှင့် အမျိုးသားများသည် အဖွဲ့အစည်းများတွင် တန်းတူ ပူးပေါင်းပါဂင် လုပ်ကိုင်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။


**အိမ်မှုကိစ္စအပေါ်ဆောင်ရွက်မှု** အမျိုးသားများသည် အိမ်မှုကိစ္စအပေါ်တွင် ပူးပေါင်းပါဝင်မှုရှိသည်ကိုလဲ တွေ့ရှိရပါသည်။

**ပညာရေးပါဝင်မှု** အမျိုးသားများနှင့် အမျိုးသမီးများသည် ပညာရေးတွင်တန်းတူအခွင့်ရေး ရရှိသည်ကို တွေ့ရှိရပါသည်။

**လုံခြုံမှု** အမျိုးသမီးများသည် အမျိုးသားထက် လုံခြုံမှုမရှိတာကို တွေ့ရှိရပါသည်။

ဓ။ပိုင်ဆိုင်မှုသုံးသပ်ခြင်း။




အမျိုးသား
အမျိုးသမီး
အမျိုးသား + အမျိုးသမီး
အပ်ချုပ်စက်
ပဲခြွေစက်
ထွန်စက်
ကျောင်း
ဆိုင်ကယ်
မွေးမြူရေး
လယ်
အိမ်ခြံဝန်း

**သုံးသပ်ချက်**

**ထိန်းချုပ်မှု** ကျေးရွာ၏ အရင်းအမြစ်များဖြစ်သော လယ်ယာမြေ၊ ထွန်စက်/ရိတ်စက်၊ နွားပုံနှင့်ဂွန်ဒေါင်း စသည့် အရင်းအမြစ်များကို အမျိုးသားများမှ ထိန်းချုပ်ထားပါသည်။ အပ်ချုပ်စက်အား အမျိုးသမီးများမှ ထိန်းချုပ်ထားပြီး အမျိုးသား/အမျိုးသမီး နှစ်ဦးလုံးထိမ်းချုပ်ထားသော အရင်းအမြစ်များမှာ ဆိုင်ကယ်၊ရိတ်စက်၊မွေးမြူရေး၊ စိုက်ပျိုးရေး၊ အရောင်းအဝယ် စသည်တို့ကို ထိန်းချုပ်ထားပါသည်။

**အသုံးပြုမှု**ကျေးရွာ၏ အရင်းအမြစ်ဖြစ်သော စိုက်ပျိုးရေး၊ ပဲချွေစက်၊ ထွန်စက်၊ ရိတ်စက်၊ စက်လှေ စသည်တို့ကို အမျိုးသားများအသုံးပြုပြီး အပ်ချုပ်စက်အား အမျိုးသမီးများသာ အသုံးပြု၍ အမျိုးသား/အမျိုးသမီး နှစ်ဦးလုံးအသုံးပြုသော အရင်းအမြစ်များမှာ ကျောင်း၊ ဆိုင်ကယ် ၊ မွေးမြူရေး၊အရောင်အဝယ်၊ လယ်နှင့် အိမ်ခြံဝန်းတို့ကို အသုံးပြုကြပါသည်။

## အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ

### ၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန် သက်ဆိုင်ရာ ရပ်မိရပ်ဖ အုပ်ချုပ်ရေးနှင့် ကျေးရွာ ပရဟိတအဖွဲ့များသို့ ပြောကြားခဲ့၍ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးနှင့် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ် ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြတောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်ပါသည်။

ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍ အခက်အခဲများ ဖော်ထုတ်ခြင်းလုပ်ငန်းကိုလည်း လုပ်ကိုင်ခဲ့ပါသည်။

၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

မေးမြန်းသည့်ရက်။ ရက်စွဲ - ၁၅.၁၁.၂၀၁၇

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် √ | တွေ့ရှိချက် X | မှတ်ချက် |
|---|---|---|---|---|
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရားများကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေး အတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခက် အခဲများကို သင်ဆွေးနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင်ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ | √ | | |

| | | | | |
|---|---|---|---|---|
| | ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |



အမျိုးသမီးအုပ်စု၏ မှတ်တမ်းဓါတ်ပုံ



အမျိုးသား အုပ်စု မှတ်တမ်းတင်ဓါတ်ပုံ။



ပထမအကြိမ်အစည်းအဝေးမှတ်တမ်းတင်ဓါတ်ပုံ



PRA Tools များကိုပြန်လည်ရှင်းလင်းဆွေးနွေးခြင်း



လုပ်ငန်းခွဲမပြုလုပ်မီ မှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီမှတ်တမ်းဓါတ်ပုံ

၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးမောင်မောင်အေး | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်ကျင်ဝေ | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးအောင်နိုင်ထွန်း | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဒေါ်စန်းစန်းနိုင် | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၅ | ဦးစန်းလွင် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၆ | ဒေါ်ဌေးဌေး | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၇ | ဦးဇော်ခင် | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၈ | ဒေါ်ဂါဂါနု | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဦးကြည်သိန်း | ကျား | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၀ | ဒေါ်အေးကြည် | မ | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၁ | ဦးအုန်းရွှေ | ကျား | စေတနာ့ဝန်ထမ်း |
| ၁၂ | ဒေါ်စိုးစိုးစံ | မ | စေတနာ့ဝန်ထမ်း |
| ၁၃ | ဦးစိန်မောင်ရွှေ | ကျား | စေတနာ့ဝန်ထမ်း |
| ၁၄ | ဒေါ်သန်းသန်းမြင့် | မ | စေတနာ့ဝန်ထမ်း |
| ၁၅ | ဦးသန်းထိုက် | ကျား | ကျေးရွာငွေစာရင်းကိုင် |

စုစုပေါင်း။ (၁၅) ယောက်          ကျား-၈ ယောက် +မ - ၇ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

၁။ဦးမောင်မောင်အေး - ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ
၂။ဒေါ်အိသွန္တာကျော် - ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ
၃။ဒေါ်ကျင်ဝေ- အုပ်စုဘဏ္ဍာရေးဆပ်ကော်မတီ၊ဥက္ကဌ
၄။ဦးအောင်ကျော်ဇင်- အုပ်စုဘဏ္ဍာရေး စာရင်းကိုင်
၅။ဒေါ်သောင်းသောင်းခိုင်- အုပ်စုဘဏ္ဍာရေး အဖွဲ့ဝင်
၆။ဦးအောင်ကိုဝင်း - အုပ်စု အဖွဲ့ဝင်
၇။ဒေါ်ရင်ဌေး - အုပ်စု အဖွဲ့ဝင်
၈။ဒေါ်ဝေဝေ - အုပ်စု အဖွဲ့ဝင်

**မှတ်တမ်းတင်သူ**
အမည်။ ဦးငွေဖြိုးလွင်

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ။ ၁၅.၁၁.၂၀၁၇

## ၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | |
|---|---|---|
| ကျေးရွာခေါင်းဆောင် အမည် ဦးအေးလွင် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် ၀၉-၉၇၉၇၆၉၄၁၄ | လူထုစည်းရုံးရေးမှူး၏ အမည် ဦး[illegible]လွင် |
| ပြည်နယ်၊တိုင်းဒေသကြီး [illegible] မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | ကျေးရွာ ဖမ်းကြီးကုန်း |

 က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၇၂၉ | ဘာသာ (၁) ဗုဒ္ဓ | |
| လူမျိုးစု (၂) ဟိန္ဒူ | ၁ | ဘာသာ (၂) ဟိန္ဒူ | |
| လူမျိုးစု (၃) ------------ | - | ဘာသာ (၃) ------------ - | - |
| လူမျိုးစုရော ------------ | - | ဘာသာရော ------------ - | - |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၆ ယောက် | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၈၄ ယောက် | | |
| စစ်ဘေးရှောင် | - | - | - |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၁၃၂၃ | ၁၃၃၈ |
| လူမျိုးစု (၁)--ဗမာ- | ၁၃၂၂ | ၁၃၃၂ |
| လူမျိုးစု (၂)--ဟိန္ဒူ | ၁ | ၆ |
| လူမျိုးစု (၃)---------- | - | - |
| အခြား | - | - |
| အိမ်ထောင်ဦးစီး | ၄၀၉ | ၂၁ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☑ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် [illegible] | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမားရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | (ကွန်ကရစ်လမ်း) | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာ တွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်------------------ ဖေဖော်ဝါရီ/မတ်/ဧပြီ/မေ/ဇွန်/ဇူလိုင်/သြဂုတ်/စက်တင်ဘာ/
အခြား ------------------

မိုးရာသီတွင်ကြာချိန်--------------------------- ဖေဖော်ဝါရီ/မတ်/ဧပြီ/မေ/ဇွန်/ဇူလိုင်/သြဂုတ်/စက်တင်ဘာ/
အခြား ------------------

(ဆ) ထိလွယ်ရှလွယ်ဖြစ်သော သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

✓☐ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ --------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုပေါ်ပြူလာကိစ္စမဟုတ်ဘဲ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) ဧ ပ်ကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ကြံ့ခိုင်ရေးပါတီ
(၂) [illegible]

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးအေးလှိုင်

လက်မှတ် [signature] နေ့စွဲ 10.10.2017

လူထုစည်းရုံးရေးမှူး အမည် ဦးမြကြီးလှိုင်

လက်မှတ် [signature] နေ့စွဲ 10.10.2017

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုဖြည့်စွက်ရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ဇေဖြိုး ကျော် |
| ရက်စွဲ ၁၄ . ၁၁ . ၂၀၁၇ — စက်ဝန်းအား အမှတ်ခြစ်ပါ (✓) ☐ စက်ဝန်း(၁) ✓ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ရခိုင် — မြို့နယ် ကျောက်ဖြူ ကျေးရွာအုပ်စု ကမ်းကြီးကျွန်း ကျေးရွာ ကမ်းကြီး ကျွန်း |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည့်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | တံတား အခက်အခဲ။ | ၁ | အမှိုက် စွန့်ပစ်ကန် မရှိခြင်း။ |
| ၂ | ပညာရေး အလယ်တန်းအဆင့် မရှိခြင်း။ | ၂ | ဆေးရုံ ဆေးခန်း သွားလာရ ခက်ခဲခြင်း။ |
| ၃ | အလုပ်အကိုင် ရှားပါးခြင်း။ | ၃ | အလုပ်အကိုင် ရှားပါးခြင်း။ |
| ၄ | မိုးရေ လှောင်ကန် မရှိခြင်း။ | ၄ | လျှပ်စစ် မီး မရရှိခြင်း။ |
| ၅ | ရေသုံးစွဲမှု အခက်အခဲ ရှိခြင်း။ | ၅ | [illegible] |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | တံတားများ ကောင်းမွန် စေချင်။ | ၁ | အမှိုက် စွန့်ပစ်ကန် ရှိစေချင်။ |
| ၂ | ပညာရေး အလယ်တန်းအဆင့် ရှိစေချင်။ | ၂ | သွားလာရေး အဆင်ပြေ စေချင်။ |
| ၃ | အလုပ်အကိုင် ပေါများစေချင်။ | ၃ | အလုပ်အကိုင် များ ရရှိစေချင်။ |
| ၄ | သောက်သုံးရေ သုံးရေ အဆင် | ၄ | လျှပ်စစ် မီး ရရှိစေချင်။ |
| ၅ | ပြေစေချင်။ | ၅ | [illegible] |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျိုးဖြစ်စေသော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | တံတား ပြုပြင်ခြင်း | ကျား + မ | 22000000 | ကျေးရွာလူထုအားလုံး |
| ၂ | ရေကန်ဖြင့် ရေသိုလှောင်ခြင်း | မ | 7,000000 | ။ |
| ၃ | ရေကန် ပြုပြင်ခြင်း | ကျား | 5,000000 | ။ |
| ၄ | အမှိုက်စွန့်ပစ်ကန် ပြုလုပ်ခြင်း | မ | 5,000000 | ။ |
| ၅ | [illegible] | [illegible] | | ။ |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အစီစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စိုက်ပျိုးရေး မျိုးကောင်း မျိုးသန့် | ကျ | |
| ၂ | အတတ်ပညာနှင့် အရင်းအနှီး | ကျ + မ | |
| ၃ | စိုက်ပျိုးရေး နည်းပညာ | ကျ | |
| ၄ | [illegible] | မ | |
| | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည် ဦး[illegible] လက်မှတ် (signature) နေ့စွဲ ၁၄.၁၁.၂၀၁၇

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မှုရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | | ☐မ ☐ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | စိုက်ပျိုးရေး မျိုးကောင်း / သင်တန်း ။ | ☐မ ☑ကျား | | |
| | ၂ | အာဟာရ ပညာ[illegible] ။ | ☑မ ☑ကျား | | |
| | ၃ | စိုက်ပျိုးရေး နည်းပညာ ။ | ☐မ ☑ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | ☐မ ☐ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| ပညာရေး | ၁ | | ☐မ ☐ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အမျိုး | ၁ | စဉ်ပင်ဆောပဘ ရွေး | ☑ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |

လူထုဗဟိုပြုစီမံကိန်း

အစည်းအဝေးမှတ်တမ်း

ပြုလုပ်သည့်နေရာ ။ ဘုန်းကြီးကျောင်း ဓမ္မာရုံ

ပြုလုပ်သည့်နေ့ရက် ။ ၁၄ ၊ ၁၁ ၊ ၂၀၁၇

ပြုလုပ်သည့်အချိန် ။ နံနက် ၁၁:၀၀မှ နေ့လည် ၃:၀၀နာရီထိ

ကျေးရွာအုပ်စုအမည် ။ တဖဲ့ကြီးကုန်း

မြို့နယ်အမည် ။ ကျောက်တန်း

---

အစည်းအဝေး တက်ရောက်သူဦးရေ ။ ။ က ၁၈၆ + မ ၁၉၈ = ၃၈၄ ယောက်

အစည်းအဝေး ခေါင်းစဉ် ။ ။ လူထုဗဟိုပြု စီမံကိန်း၊ ဒုတိယနှစ် ဆက်ဝေးပွဲ မှ အကြံပြု ဖော်ထုတ် အစည်းအဝေး ။

ရည်ရွယ်ချက် ။ ။ ကျေးရွာလူထုမှ လူထုဗဟိုပြု စီမံကိန်း အကြောင်း သိရှိ၍ ကျေးရွာ၏ ဖွံ့ဖြိုးရေး အစီအစဉ်များအား သိရှိပြီး စေတနာ့ဝန်ထမ်း များ ပြန်လည် ပြင်ဆင်ရန် ရည်ရွယ်ပါသည် ။

ဆွေးနွေးချက် ။ ။ ကျေးရွာအုပ်ချုပ်ရေးမှူး မှ အဖွင့် အမှာစကား ပြောကြား ရာတွင် လူထုဗဟိုပြု စီမံကိန်းသည် လူထုကို ဗဟိုပြု၍ လူထုကိုယ်တိုင် အစီအစဉ်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက် ရမည် ဖြစ်ကြောင်းနှင့် ကျေးရွာလူထု မှ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားခဲ့ပါသည် ။

ထို့နောက် လူထု ဗဟို ပြု စီမံကိန်းမှ လူထု သုံးဦး ရေးမှူး ဦးဝေဖြိုးလွင်မှ စီမံကိန်းအကြောင်း မိတ်ဆက်ခြင်းတွင် စီမံကိန်း၏ ရည်ရွယ်ချက်၊ အစီအစဉ်နှင့် ရလဒ်များကို သိရှိစေရန် ကျားမရေးရာနှင့် ပတ်သက်သည့် အချက် ၆ ချက်အား ရှင်းပြခြင်း စီမံကိန်း ကို အဆိုင်း (၆) ဆိုင်း အဆင့် (၁၄) ဆင့် ဖြင့် အကောင်အထည် ဖော်ဆောင် ရွက်သွား မည် ဖြစ် ကြောင်းနှင့် လူထု ဗဟိုပြု စီမံကိန်း တွင် အဓိကတာဝန်ရှိသူ များနှင့် တာဝန်ဝတ္တရား များကို ရှင်းလင်း

ဆွေးနွေးခဲ့ပါသည်။ ကျေးရွာ မိမဲ့ဖို့ ရွှေ့ မှု ကော်မတီဝင်များ လုပ်ဆောင်ရမည့် တာဝန်ဝတ္တရားများကို သိရှိရန်အတွက် သင်တန်းများအား ကဏ္ဍအလိုက် ပေးအပ်သွားမည် ဖြစ်ကြောင်း၊ ရန်ပုံငွေ နှင့်ပတ်သက်လျှင် ၎င်း ရန်ပုံငွေသည် ကျေးရွာများသို့ ပေးခြင်းမဟုတ်ဘဲ ကျေးရွာအုပ်စု ကိုသာ ထောက်ပံ့ခြင်း ဖြစ်ကြောင်း ဆွေးနွေး ပြောကြားခဲ့ပါသည်။

ဆုံးဖြတ်ချက်၊ သဘောတူညီချက် ။ ။ ဒေါ်နော်ဝင်းတမ်း ဆွေးနွေး ချုပ်ရန်အတွက် ပထမ အစ ဆက်ကြေးမှ ဒေါ်နော်ဝင်းတမ်း ၄ ဦးအား ဥက္ကဋ္ဌ ရာထူးတန်းတွင် ဆက်လက်လုပ်ကိုင်ရန် ဆန္ဒရှိ၊ မရှိ မေးမြန်းရာတွင် ၎င်းတို့မှ ဆက်လက်လုပ်ကိုင်သွားမည် ဖြစ်ကြောင်း ပြောကြားပြီး၊ ကျေးရွာလူထုအား ဆက်လက်ထားရှိရန် သဘောတူကြောင်း၊ မေးမြန်းရာတွင် ကျေးရွာလူထုမှ လည်း ဆက်လက်ထားရှိရန် သဘောတူပါကြောင်း ပြောကြားပြီး အတည်ပြုခဲ့ပါသည်။ ထို့နောက် လူမှု ဆိုင်ရာ ဆိုင်ငြင်း (၆) မျိုး၏ ရည်ရွယ်ချက် များကို ကျေးရွာလူထုအား ရှင်းပြပြီး ကျေးရွာလူထုနှင့်အတူ ရေးဆွဲခဲ့ပါသည်။ ရရှိလာသော သုံးသပ်ချက် များကို ကျေးရွာလူထုအား ပြန်လည်ရှင်းပြ ဆွေးနွေးပြီး အစည်းအဝေးအား ရုပ်သိမ်းခဲ့ပါသည်။

ဦးငွေဖြိုးလွင်
လူထုစည်းရုံးရေးမှူး
မှတ်တမ်းတင်သူ

လူထုဗဟိုပြုစီမံကိန်း

အစည်းအဝေးမှတ်တမ်း

ပြုလုပ်သည့်နေရာ ။ ဘုန်းကြီးကျောင်း ဓမ္မာရုံ

ပြုလုပ်သည့်နေ့ရက် ။ ၁၄.၁၁.၂၀၁၇

ပြုလုပ်သည့်အချိန် ။ နံနက် ၁၁:၀၀ မှ နေ့လည် ၃:၀၀ နာရီထိ

ကျေးရွာအုပ်စုအမည် ။ တပဲကြီး ကျုံး

မြို့နယ်အမည် ။ ကျောက်တန်းမြို့

---

အစည်းအဝေးခေါင်းစဉ် ။ ။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက် ရေးဆွဲခြင်းနှင့် ဒုတိယ အကြိမ် အစည်းအဝေး ။

တက်ရောက်သူဦးရေ ။ ။ က ၁၈၆ + မ ၁၉၈ = ၃၈၄ ယောက်

ရည်ရွယ်ချက် ။ ။ ကျေးရွာ၏ အခက်အခဲ၊ ပြဿနာများ၊ မျှော်မှန်းချက်များ ဖော်ထုတ်တက်စေရန်နှင့် ကျေးရွာ စီမံကိန်းအဖွဲ့မှ ဆောင်ရွက်မှုများ ရှင်းပြသိရှိစေခြင်း ။

ဆွေးနွေးချက် ။ ။ တက်ရောက်လာသော ကျေးရွာလူထုအား အခက်အခဲ အကောင်းအဆိုးများ၊ မျှော်မှန်းချက်များ၊ အား ကျား/မ အဖွဲ့များခွဲ၍ ဆွေးနွေးခဲ့ပါသည်။ ရရှိလာသော အခက်အခဲ၊ အကောင်းအဆိုးများ၊ မျှော်မှန်းချက်များကို ကျေးရွာလူထုအား ပြန်လည်ရှင်းပြဆွေးနွေးခဲ့ပါသည်။ ထို့နောက် ကျေးရွာ၏ ဒုတိယနှစ် စီမံကိန်းဆက်ဝန်းအတွက် ဦးစားပေး ဖွံ့ဖြိုးရေး လုပ်ငန်းများ ပေါ်ထွက်လာစေရန်အတွက် ဆွေးနွေးရာတွင် တက်ရောက်လာသော ကျေးရွာလူထုမှ ပထမနှစ်တုန်းက ပင်မှ ရွေးချယ်ဆုံးဖြတ်ခဲ့သော ဒုတိယ ဦးစားပေး ရွာလည်ချောင်းကူးတံတားကို ယခုနှစ်တွင် ပြုလုပ်

ဆုံးဖြတ်ချက်" လိုကြောင်း ဆွေးနွေးခဲ့ပါသည်။ ကျေးရွာလူထု အားလုံး၏ ဆန္ဒကို
သဘောတူညီချက်
မေးမြန်းရာတွင် ရွာလယ်ချောင်းကူးတံတား မှာ ဟောင်းနွမ်းပြီ ဖြစ်ပေါ်သဖြင့် ကျောင်းသားလူငယ်များ၊ သက်ကြီးရွယ်အို များ၊ ကျေးရွာသူကျေးရွာသား များအတွက် အခက်အခဲရှိကြောင်းနှင့် အမှန်တကယ် လိုအပ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။ ထို့ကြောင့် ကျေးရွာလူထု၏ ဆန္ဒအချက် ပထမနှစ် စက်ဝန်း တွင် အရေးအတွက် ဦးစားပေး အများဆုံး ရရှိထားသော ရွာလယ်ချောင်းကူး တံတားကို တည်ဆောက်ရန်အတွက် သဘောတူ ဆုံးဖြတ်ခဲ့ပါသည်။

ထို့နောက် ကျေးရွာ စီမံခန့်ခွဲမှုကော်မတီဝင်များ အသစ်ပြုရန် အတွက် တက်ရောက်လာသော ကျေးရွာလူထုအား ပထမနှစ် စက်ဝန်းတွင်တာဝန်ထမ်းဆောင်ခဲ့သော ကော်မတီဝင်များအား ဆက်လက်တာဝန်ထမ်းဆောင်စေလို သို့မဟုတ် ပြန်လည် ရွေးချယ်လိုပါသလား ဟု မေးမြန်းရာတွင် ကျေးရွာလူထုမှ ပြန်လည် မရွေးချယ်ပဲ ဆက်လက်တာဝန်ထမ်းဆောင်စေကြောင်း ဆွေးနွေးပြောကြားပါသည်။ ထို့ကြောင့် ကျေးရွာ စီမံခန့်ခွဲမှုကော်မတီဝင် အားလုံးကို တစ်ဦးချင်း ဆန္ဒအရ ဆက်လက်တာဝန်ထမ်းဆောင်ရန် ဆန္ဒရှိ/မရှိ မေးမြန်းရာတွင် ကော်မတီဝင်အားလုံးမှ ကျေးရွာလူထုရှေ့တွင် ဆက်လက်တာဝန်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပါသည်။ ထို့ကြောင့် ကျေးရွာလူထု၏ ဆန္ဒနှင့် ပထမနှစ် စက်ဝန်းမှ ကော်မတီ ဝင်များကို ဒုတိယနှစ် စက်ဝန်းတွင် ဆက်လက် ထားရှိရန် သဘောတူ ဆုံးဖြတ်ခဲ့ပြီး၊ အစည်းအဝေးအား ရုပ်သိမ်းခဲ့ပါသည်။

(signature)

ဦးငွေမြိုး လှိုင်

လူထုစည်းရုံးရေးမှူး

မှတ်တမ်းတင်သူ

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-
မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
  - ရှိ
  - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊